Australian Aid

World Vision

# ဒုတိယအခွင့်အရေး



The Vanguard Series

# ဒုတိယအခွင့်အရေး



The Vanguard Series

သီတာဟာ အိမ်ကနေထွက်သွားဖို့အတွက် သူ့အမေဈေးအသွားကို စောင့်နေပါတယ်။ သူ့အမေ တံခါးဝကထွက်သွားတာနဲ့ ဖွက်ထားတဲ့သူ့အိတ်ကိုဆွဲပြီး သူ့သူငယ်ချင်း အိမ်ကို ထွက်လာခဲ့ပါတယ်။

သီတာနဲ့ သူမသူငယ်ချင်းတို့ဟာ သူတို့ ရွာလေးကိုထားခဲ့ပြီး မဲခေါင်မြစ်ကို ဖြတ်ကာ ထိုင်းနိုင်ငံကို အဲဒီညမှာ ထွက်ခွာ သွားပါတယ်။

သီတာဘယ်သွားတယ်ဆိုတာ မိဘတွေကို စာလေးတစ်စောင်တောင် မထားခဲ့ဘူး။

"ငါဘာလို့ထွက်လာခဲ့တာလည်းဆိုတာ ငါ့မိဘတွေနားလည်မှာပါ။ ငါမိသားစု အတွက်လုပ်တာဘဲ" လို့ သူ့ဘာသာသူ ပြန်တွေးနေခဲ့ပါတယ်။





ပြီးခဲ့တဲ့ရက်အနည်းငယ်က သီတာနဲ့ သူ့သူငယ်ချင်းကို ထိုင်းနိုင်ငံမှာ အိမ်အကူလုပ်ဖို့ သီတာသူငယ်ချင်းအိမ်ကိုလာတဲ့ အမျိုးသားတစ်ယောက်က ကမ်းလှမ်းခဲ့ပါတယ်။ အဲဒီအမျိုးသားက သူတို့ကို တစ်လ ဘတ် ၆၀၀၀ (သို့) ကျပ် ၂၀၀၀၀၀ ခန့်ရမယ် ပြီးတော့ သူတို့နှစ်ယောက်လုံး အတူတူ အလုပ်လုပ်နိုင်အောင် စီစဉ်ပေးမယ်လို့ ပြောပါတယ်။ ဒီကမ်းလှမ်းမှုဟာ မှန်ကန်ဖို့ ခက်ခဲပေမယ့် သီတာနဲ့သူ့သူငယ်ချင်းက ယုံကြည်ခဲ့ပါတယ်။

ဒီဂင်ငွေဟာ ငါ့အဖေပရိဘောဂကုမ္ပဏီမှာရှာလို့ရတဲ့ဂင်ငွေ၊ ငါ့အမေဟင်းရွက်ရောင်းတဲ့ဂင်ငွေထက်တောင်များးတာပဲလို့ သီတာတွေးမိခဲ့တယ်။ သူ့မောင်နဲ့ ညီမလေး၆ယောက် အတွက် ကောင်းတာလေးတွေ လုပ်ပေးဖို့ အခွင့်အရေးတစ်ခုလို့ သီတာမြင်မိပါတယ်။



အဲဒီညနေမှာ အသက်၁၆နှစ်အရွယ်မိန်းကလေးနှစ်ယောက်ဟာ အခြား လူ ၁၇ယောက်နဲ့အတူ လှေနဲ့တစ်ဘက်ကမ်းကို ကူးခဲ့ပါတယ်။

“တိုးတိုးနေ အသံမထွက်ကြနဲ့” လို့ လှေသမားက သူတို့ကို သတိပေးပါ တယ်။ ဒီခရီးက မိနစ်၃၇ဘဲကြာတာပါ။ ဒါပေမဲ့ သီတာကိုတော့ နွေးထွေးတဲ့ သူ့မိဘရဲ့အိမ်ကနေ နိုပ်စက်တဲ့အလုပ်ရှင်လက်ထဲကို ပို့ဆောင်ပေးခဲ့တယ်။





သူတို့တစ်ဖက်ကမ်းကိုရောက်တဲ့အခါ အမျိုးသားတွေနဲ့အမျိုးသမီးတွေကို သီးသန့်စီခွဲပြီး၊ ကားတွေနဲ့ခေါ်ဆောင်သွားကြပါတယ်။ ကားမောင်းတဲ့လူဟာ သီတာကိုခြံဝင်းတံခါးအကြီးကြီးနဲ့အိမ်ထဲကိုခေါ်ဆောင်သွားပါတယ်။

"ငါ့သူငယ်ချင်းရော၊ ငါတို့အလုပ်အတူတူလုပ်ရမှာ" လို့ သီတာက ကားမောင်းသမားကို ပြောလိုက်ပါတယ်။

"မဟုတ်ဘူးမင်းဒီမှာနေ၊ မင်းသူငယ်ချင်းကတစ်ခြားအိမ်မှာအလုပ်လုပ်ရမှာ" လို့ ကားမောင်းသမားက ပြောတယ်။ သီတာသူ့သူငယ်ချင်းကိုလည်း သူတစ်ခါမှပြန်မတွေ့ရတော့ပါဘူး။ ပထမတော့သီတာဟာ အလွန်ပဲကြောက်လန့်ခဲ့ပါတယ်။ သူတစ်ယောက်တည်းအလုပ်လုပ်ဖို့မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမယ့်ပြန်လှည့်ဖို့ နောက်ကျသွားခဲ့ပါပြီ။



သီတာဟာ အိမ်မှုကိစ္စအားလုံးနဲ့ သူ့အလုပ်ရှင်ခိုင်းသမျှ အလုပ်အားလုံးကို သုံးလကြာလုပ်ကိုင်ခဲ့တယ်။ ဒါပေမဲ့ သီတာရဲ့အိမ်ရှင်ဟာ သူမရဲ့အမှားကို အမြဲရှာနေပြီး တံမြက်စည်းနဲ့တောင်ရိုက်ပါတယ်။ အဲဒီအိမ်မှာ အခြားထိုင်း အိမ်ဖော်သုံးဦးလည်း ရှိပါတယ်။ သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် စကားပြောခွင့်မရပါဘူး။ သီတာရဲ့တစ်နေ့တာအလုပ်ချိန်မှာ နားစရာအချိန် လည်း မရှိသလိုနားရက်လည်း တစ်ရက်တလေတောင် မရှိပါဘူး။

သီတာကိုပေးမယ်လို့ ကတိပေးထားတဲ့ တစ်လဘတ် ၆၀၀၀ (သို့) ကျပ် ၂၀၀၀၀၀ ခန့်လည်း သူမတစ်ခါမှ မရခဲ့ပါဘူး။ သူမရဲ့လစာကိုမေးတဲ့ အခါတိုင်း နောက်လတွေမှာပေးမယ်လို့ သူမရဲ့အလုပ်ရှင်က ပြောခဲ့ ပါတယ်။

သီတာဟာ အိမ်ကို အရမ်းပြန်ချင်ခဲ့ပါတယ်။ ဒါပေမယ့် မိသားစုနဲ့ဘယ်လို ဆက်သွယ်ရမလည်းဆိုတာ မသိခဲ့ဘူး၊ သူမဟာ အိမ်ထဲကနေအိမ်ပြင် တောင် မထွက်ရပါဘူး။ မကြာခင်မှာပဲ သူမဟာ လွတ်မြောက်ဖို့အတွက် အစီအစဉ် စဆွဲပါတယ်။



အိမ်မှာလည်း သီတာရဲ့မိခင်ဟာ သူ့သမီးအတွက် သောကရောက်ပြီး ဖျားနေပါတယ်။ သူမရဲ့ယောကျ်ားက သမီးပျောက်သွားတဲ့အတွက် သူ့မိန်းမကိုအပြစ်တင်လို့မဆုံးပါဘူး။ "ဒါတွေအားလုံးမင်းအမှားတွေပဲ၊ မင်းသမီးကိုထွက်ခွာဖို့ အားပေးခဲ့တဲ့အတွက် အခုပဲ မင်းသမီးကိုထွက်ရှာ" လို့ သူ့ယောကျ်ားကပြောပါတယ်။

သီတာရဲ့အမေဟာ သူ့သမီးကို ထိုင်းနိုင်ငံမှာရှိတယ်ဆိုတာသိပေမယ့် ဘယ်ကနေဘယ်လိုစရှာရမှန်းမသိခဲ့ပါဘူး။ တစ်ခါက သူ့သမီးထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်မယ်လို့ပြောတုန်းကလည်း သီတာအမေဟာ အားမပေးခဲ့ပါဘူး။ သီတာအမေဟာ သူ့သမီးပျောက်သွားတဲ့အကြောင်းကို ယခုအထိ ဘယ်သူ့ကိုမှမပြောခဲ့ပါဘူး။ သူ့ကို သူများတွေအပြစ်တင်ပြောဆိုမှာကို ကြောက်ပြီး ရဲကိုတောင်မှမပြောခဲ့ပါဘူး။




ကံကောင်းခြင်းတွေက သီတာဆီကို ရောက်လာခဲ့ပါတယ်။ သီတာအလုပ်ရှင်နဲ့ စီးပွားရေးအတူတူလုပ်တဲ့သူက သဘောထားချင်း မတိုက်ဆိုင်တဲ့အတွက် အဲဒီလူက သီတာအလုပ်ရှင်ကို တရားမဝင်အလုပ် သမားတွေ အိမ်မှာထားတယ်ဆိုပြီး ရဲကို အကြောင်းကြားလိုက်ပါတယ်။ ရဲတွေရောက်လာပြီး သီတာကိုတွေ့တဲ့အခါ စစ်ဆေးမေးမြန်းဖို့ ရဲစခန်း ကိုခေါ်ဆောင်သွားခဲ့ပါတယ်။ ရဲတွေဟာ မြန်မာနိုင်ငံက တာဝန်ရှိပုဂ္ဂိုလ် တွေနဲ့ ဆက်သွယ်ဆောင်ရွက်ပြီး သီတာကို အိမ်ပြန်ပို့ဖို့စီစဉ်ပါတယ်။



သက်ဆိုင်တဲ့ အဖွဲ့အစည်းများနဲ့ ရဲတွေကသီတာကို အိမ်ပြန်ခေါ်လာတဲ့ အခါ သီတာရဲ့အမေဟာထခုန်ပြီးတော့ သူ့သမီးကို အလျင်အမြန်ဖက် လိုက်ပါတယ်။ သူတို့တွေဖက်ပြီး အချိန်အတော်ကြာငိုခဲ့ကြပါတယ်။ သီတာရဲ့အမေဟာ သူ့သမီးဘယ်လိုကြောင့် ဒီလောက်ပိန်သွားတာလည်း ဆိုပြီး မယုံနိုင်အောင်ဖြစ်နေပါတယ်။

သီတာရဲ့အဖေဟာလည်း သူ့သမီး အိမ်ပြန်ရောက်တာကိုတွေ့တဲ့အခါ အလွန်ပျော်ရွှင်သွားပြီး သူ့သမီးကို ဘယ်လောက်တောင်မှ သတိရတဲ့ အကြောင်းပြောပါတယ်။

“နောက်တစ်ခါ ဘယ်တော့မှအဝေးကိုထွက်မသွားဖို့ တောင်းပန်တယ် ဒီမှာ နေပြီးကျောင်းဆက်တက်၊ ငါနဲ့မင်းအမေက မင်းကိုထောက်ပံ့ဖို့အတွက် အလုပ်ကြိုးစားလုပ်မယ်” လို့ သီတာအဖေက ပြောပါတယ်။





သီတာပြန်ရောက်ရောက်ချင်းမှာပဲ ဝေါလ်ဗီရှင်ဂန်ထမ်းက သီတာကို အကူအညီပေးဖို့ ရောက်လာခဲ့ပါတယ်။ ဝေါလ်ဗီရှင်ဂန်ထမ်းဟာ သီတာကိုဆေးရုံကိုခေါ်သွားပြီး ဆေးစစ်မှုတွေပြုလုပ်ပေးတဲ့အခါ ကံကောင်းစွာပဲ ဘာရောဂါလက္ခဏာမှ မရှိတာတွေ့ရပါတယ်။

ဝေါလ်ဗီရှင်ဂန်ထမ်းနှင့်အတူ အစိုးရဌာနမှ တာဝန်ရှိသူတွေက သီတာအိမ်ကိုပြန်ရောက်လာတဲ့အခါ ဘာလုပ်ချင်လည်းလို့ သေသေချာချာ တိုင်ပင်ဆွေးနွေးပါတယ်။

"ကျွန်မမိသားစုတွေကို ကူညီချင်နေတုန်းပဲ သူတို့ကိုကူညီဖို့ ပိုက်ဆံနည်းနည်းလောက်ရှာချင်တယ်" လို့ သီတာကပြောပါတယ်။



သီတာရဲ့အစီအစဉ်ကို မိသားစုကိုပြောပြပြီးဖြစ်နိုင်တဲ့ လုပ်ငန်းလေး တစ်ခုကို အိမ်မှာစပြီး လုပ်ကိုင်ခဲ့ပါတယ်။ ဟိုးအရင်ကတည်းက သူတို့ရဲ့အိမ်ဟာ ဟင်းသီးဟင်းရွက်ရောင်းတဲ့အိမ်ဖြစ်တာမို့ လုပ်ငန်းကို တိုးချဲ့ဖို့ သူတို့ရဲ့ခြံဝန်းထဲမှာ မှိုစိုက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဝေါလ်ဗီရှင်ဂန်ထမ်းဟာ သီတာကို မြို့နယ်စိုက်ပျိုးရေးရုံးမှာ စိုက်ပျိုးရေးနဲ့ပတ်သတ်တဲ့ သင်တန်းတက်ဖို့ စာရင်းသွင်း အပ်နှံပေးခဲ့ပါတယ်။ သင်တန်းကာလ ပြီးတဲ့အခါမှာ ဝေါလ်ဗီရှင်က သီတာကို စတင်ပြီး မှိုစိုက်နိုင်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေကို ထောက်ပံ့ပေးပါတယ်။ ဒီသင်တန်းမှာ သီတာဟာ လုပ်ငန်းတစ်ခုကို ဘယ်လို စီမံခန့်ခွဲရမယ်ဆိုတာရယ် ဝင်ငွေ၊ ထွက်ငွေကိုလည်း စီမံတတ်လာပါတယ်။



သူတို့မှိုလုပ်ငန်းစတင်လုပ်ကိုင်တဲ့အချိန်ကစပြီး အခုဆိုရင် မိသားစုဝင်ငွေမှာ ကျပ် ၁၀၀၀၀၀ နီးပါးရှိနိုင်ပါတယ်။ သူတို့တွေတစ်ပါတ်မှာ နှစ်ခါမှိုခူးပြီး မြို့ဈေးမှာ ရောင်းပါတယ်။ ဒီလုပ်ငန်းဟာ သူတို့မိသားစုရဲ့ အဓိကဝင်ငွေ ရရှိတဲ့ အလုပ်ဖြစ်လာပါတယ်။

သီတာဟာ ကျောင်းပြန်ဆက်တက်ခဲ့ပါတယ်။ သီတာဟာ သူ့ရဲ့အတွေ့အကြုံတွေကို သူများကိုပြောပြဖို့ ယခုထိအောင် ရှက်နေသေးသော်လည်း ဘဝတွက်တာ ကျွမ်းကျင်စရာသင်တန်း တက်ရောက်သင်ကြားဖို့အတွက် လူငယ်အဖွဲ့အစည်းတစ်ခုမှာ သီတာပါဝင်လိုက်ပါတယ်။



